ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)

စာအမှတ်၊ SSE/NM/၀၃၀ /၂၀၁၉
ရက်စွဲ၊၂၀၁၉ – ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ (၁) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ (၂၀–၁၂–၂၀၁၉) ရက်စွဲပါ စာအမှတ်၊ MOEE – ၁/၂ (လုံခြုံရေး–၂) (၂၀၆၉၃) / ၂၀၁၉

(၂) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၂၄–၁၂–၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ပဆ–(၃)/(Notice–DMA)/၂၀၁၉ /(၂၁၅)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M–9 တွင် Geophysical Site Investigation (GSI) လုပ်ငန်းများအား Survey Vessel: R/V PTSC Researcher (Call Sign : 3WJZ) ရေယာဉ်ဖြင့် (၁၄–၁၂–၂၀၁၉) ရက်နေ့မှ (၃၁–၃–၂၀၂၀) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း (၂၈–၁၁–၂၀၁၉) ရက်စွဲပါ စာအမှတ်၊ SSE/NM/၀၂၈/၂၀၁၉ ဖြင့် ထုတ်ပြန်ထားပြီး ဖြစ်သော်လည်း ယခုအခါ လုပ်ငန်းအခြေအနေအရ မူလတင်ပြခဲ့သည့် တည်နေရာများအတိုင်း လုပ်ငန်းဆောင်ရွက်ရန် လုံလောက်မှု မရှိပါသဖြင့် အဆိုပါလုပ်ကွက်အမှတ် M–9 တွင်ပင် တည်နေရာများ ထပ်မံတိုးချဲ့ တိုင်းတာရန်နှင့် တိုင်းတာရေးလုပ်ငန်းများအား (၃၁–၃–၂၀၂၀) မှ (၁၄–၄–၂၀၂၀) ရက်နေ့အထိ ထပ်မံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ Geophysical Site Investigation (GSI) လုပ်ငန်းများဆောင်ရွက်မည့် တည်နေရာကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

The additional survey locations

| Point | Prospect | Latitude | Longitude |
|---|---|---|---|
| 1 | M9–ZTK–02/03/04 | 13° 54' 59.760" N | 95° 49' 48.870" E |
| 2 | M9–ZTK–21/22 | 14° 01' 46.560" N | 95° 53' 17.480" E |
| 3 | M9–KKN–30 | 14° 24' 35.350" N | 95° 51' 46.490" E |
| 4 | M9–GTK–34/34A | 14° 28' 06.660" N | 95° 48' 21.830" E |
| 5 | M9–KKN–33 | 14° 25' 07.550" N | 95° 49' 17.130" E |

၃။ သို့ဖြစ်ပါ၍ (၃၁-၃-၂၀၂၀) မှ (၁၄-၄-၂၀၂၀) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင် တည်နေရာများ မှ ၄ ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့်ကျောက်ချရပ်နားခြင်း၊ငါးဖမ်းခြင်း၊ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

အောင်မင်းခန့်-ဒုတိယညွှန်ကြားရေးမှူး(SSE)